ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

အမျိုးသားပညာရေးမူဝါဒကော်မရှင်

ပါမောက္ခချုပ်များကော်မတီ

# Good Practice Guidelines for University Governance and Management

# စာတမ်း

(၁၆-၁၀-၂၀၁၉ ရက်နေ့မှ ၁၇-၁၀-၂၀၁၉ ရက်နေ့အထိ)

MICC-2 နေပြည်တော်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | လက်ရှိအခြေအနေ | ၁ |
| ၃။ | (က) Community College League of California Trustee Handbook | ၂ |
| ၄။ | (ခ) Committee of University Chairs (UK) | ၂ |
| ၅။ | (ဂ) Code of Governance for English Colleges | ၃ |
| | (၁) ခေါင်းဆောင်မှုနှင့် မဟာဗျူဟာ | ၃ |
| | (၂)စုပေါင်းတာဝန်ခံမှု | ၃ |
| | (၃) မူဝါဒ၊ စနစ်နှင့် ကျောင်းသားတို့၏အသံ | ၄ |
| | (၄) သင်ကြားမှု၊ သင်ယူမှုကိစ္စများ | ၄ |
| | (၅) တုန့်ပြန်ဆောင်ရွက်မှု | ၄ |
| | (၆) ဘဏ္ဍာရေးဆိုင်ရာ မဟာဗျူဟာနှင့် စာရင်းစစ်ဆေးမှုခံယူခြင်း | ၄ |
| | (၇) မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှု(partnership) | ၄ |
| | (၈) သာတူညီမျှခြင်းနှင့် မတူကွဲပြားမှုကို လက်ခံခြင်း | ၄ |
| | (၉) ထိရောက်သော အုပ်ချုပ်ရေးစနစ် ဖွံ့စည်းပုံထားရှိခြင်း | ၅ |
| | (၁၀) ကောလိပ်ဘုတ်အဖွဲ့၏ လုပ်ဆောင်နိုင်မှုကို ပြန်လည်သုံးသပ်ခြင်း | ၅ |
| ၆။ | မြန်မာနိုင်ငံ၏ တက္ကသိုလ်များအတွက် အကြံပြုချက် | ၅ |
| | (၁) Strategy and Leadership | ၅ |
| | (၂) မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများကို တည်ဆောက်ခြင်း | ၅ |
| | (၃)ကျင့်ဝတ်နှင့်ဖြောင့်မတ်တည်ကြည်မှု (Ethics and Integrity)ကို လုပ်ငန်းခွင် ဦးစားပေးခြင်း | ၆ |
| | (၄) ဘဏ္ဍာရေးကိစ္စကို စနစ်တကျ ကိုင်တွယ်ခြင်း | ၆ |
| | (၅) Data, Data Collection and Data Analysis | ၆ |
| ၇။ | နိဂုံး | ၆ |

## Good Practice Guidelines for University Governance and Management

## ဒေါက်တာကြည်ရွှင်၊ ပါမောက္ခချုပ်၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်

**နိဒါန်း**

မြန်မာနိုင်ငံ၏ တက္ကသိုလ်များသည် ပညာရေးပြုပြင်ပြောင်းလဲမှု အစီအစဉ်များကို ဆောင်ရွက်လျက်ရှိပါသည်။ ပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ သင်ကြားမှု၊ သင်ယူမှု ထိရောက်စွာ ဆောင်ရွက်နိုင်မည့် ဝန်းကျင်ဖန်တီးမှုများ၊ တီထွင်ဆန်းသစ်မှုနှင့် သုတေသန လုပ်ငန်းများ ပါဝင်ပါသည်။ အဆိုပါ လုပ်ငန်းများနှင့်အတူ တက္ကသိုလ်၏ စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်ရေး လုပ်ငန်းများကိုလည်း ထိရောက်ထက်မြက်စွာ ဆောင်ရွက်နိုင်ရန်၊ တာဝန်ခံမှုမြင့်မားရန်၊ ကြုံတွေ့နေရသော စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်စေရန်အတွက် စနစ်တကျ စီစဉ်ဆောင်ရွက်ရန် လိုအပ်ပါသည်။ ထို့အတူ ပြောင်းလဲလာသော ခေတ်ကာလနှင့်အညီ လိုက်လျောညီထွေစွာ လိုက်ပါ ဆောင်ရွက်နိုင်စေရေးအတွက် ပြုပြင်ပြောင်းလဲမှု တစ်ရပ်အဖြစ် လိုအပ်ပါကလည်း စီစဉ်ဆောင်ရွက် ရမည် ဖြစ်ပါသည်။

**လက်ရှိအခြေအနေ**

မြန်မာနိုင်ငံ၏ အစိုးရတက္ကသိုလ်များတွင် စီမံခန့်ခွဲရေးအတွက် လုပ်ငန်းအသီးသီးကို ဆောင်ရွက်ရာတွင် လူအင်အားမလုံလောက်ခြင်း၊ ပြုပြင်ပြောင်းလဲ၍ လုပ်ငန်းများဆောင်ရွက်ရန် အဆင်သင့်မဖြစ်ခြင်း၊ ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ဖြစ်ပေါ်လာသော တောင်းဆိုမှု အသစ်များအပေါ် ဖြေရှင်းဆောင်ရွက်နိုင်သော စွမ်းရည်ချို့တဲ့ခြင်း၊ ဗဟိုချုပ်ကိုင်မှုကို ဖြေလျော့ ပေးနေသော်လည်း ကျောင်းတွင်း၌ Standard Operating Procedures (SOP) အဆင်သင့်မရှိခြင်း ၊ သို့မဟုတ် ရှိနှင့်ပြီးသော Standard Operating Procedures (SOP) များသည် ခေတ်ကာလနှင့် ကိုက်ညီမှုမရှိခြင်းတို့ကို ရင်ဆိုင်ကြုံတွေ့ နေရပါသည်။

မည်သည့်နိုင်ငံမဆို၊ မည်သည့်လူ့အဖွဲ့အစည်းမဆို အရင်းအမြစ်ရှားပါးခြင်း၊ ကျွမ်းကျင်မှု လုံလောက်မှု မရှိခြင်းတို့သည် ကြုံတွေ့နေရမြဲဖြစ်သော စိန်ခေါ်မှုများဖြစ်ပါသည်။ အဆိုပါ စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်ရန် လိုအပ်သောမူဝါဒများမှာ ပူးပေါင်းဆောင်ရွက်တတ်ခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ အချိန်နှင့်တပြေးညီ တုန့်ပြန်ဖြေရှင်းခြင်းနှင့် လုပ်ငန်းတွင် ပါဝင်ပတ်သက်သူ အားလုံးတို့သည် ကိုယ်ကျိုးစီးပွားပတ်သက်မှုကင်းရှင်း၍ ကျင့်ဝတ်ဖြောင့်မတ်မှန်ကန်မှုတို့ဖြင့် ဆောင်ရွက်နိုင်စေရန် အထူးလိုအပ် ပါသည်။

တက္ကသိုလ်များတွင်ကြုံတွေ့ရသော အုပ်ချုပ်ရေးဆိုင်ရာ၊ စီမံခန့်ခွဲမှုဆိုင်ရာ အဆင်မပြေမှုများ၊ အခက်အခဲများသည် တာဝန်ယူထားသူ တစ်ဦးတစ်ယောက်ထဲက ဖြေရှင်း၍ရသော ကိစ္စရပ်များ မဟုတ်သော အလုပ်ဖြစ်၍ စုပေါင်းပါဝင်သော စနစ်တစ်ရပ်ကို ထူထောင်လုပ်ဆောင်ရန် လိုအပ် လျက်ရှိနေပါသည်။

ဤစာတမ်းတွင် နိုင်ငံတကာတက္ကသိုလ်များတွင် တက္ကသိုလ်၏ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး တွင် တက္ကသိုလ်တိုင်းက တူညီစွာလိုက်နာကြရသော Universities Association များ၏

လမ်းညွှန်ချက်များကို မျှဝေတင်ပြမည်ဖြစ်ပြီး မြန်မာနိုင်ငံအတွက် သင့်လျော်သောမူဝါဒများကို ရွေးချယ်အကြံပြုမည် ဖြစ်ပါသည်။ ဤသို့တင်ပြရာတွင်–

(က) Community College League of California Trustee Handbook

(ခ) Committee of University Chairs (UK)

(ဂ) Code of Governance for English Colleges စသည့် နိုင်ငံအလိုက် တက္ကသိုလ်အစုအဖွဲ့အလိုက် ချမှတ်ထားသော မူဝါဒနှင့်လုပ်ထုံးလုပ်နည်းများကို တင်ပြမည်ဖြစ်ပါသည်။

**(က) Community College League of California Trustee Handbook**

ကယ်လီဖိုးနီးယားပြည်နယ် Community College များ အသင်း၏ ကျောင်းအုပ်ချုပ်ရေး လက်စွဲစာအုပ်ရှိ အဓိကအခန်းကြီး(၅)ခန်း ပါဝင်ရာတွင် ၎င်းတို့၏ဦးတည်ချက်မှာ

(၁) တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့၏ ဖွဲ့စည်းပုံနှင့် အဖွဲ့အတွင်းလုပ်ငန်းဆောင်ရွက်ပုံနည်းလမ်းများ၊

(၂) ထိရောက်သော အုပ်ချုပ်ရေးအဖွဲ့ ဖြစ်ပေါ်စေရန် လိုက်နာရမည့် ကျင့်ဝတ်နှင့် ပြဋ္ဌာန်းချက်များ၊ ထိရောက်သောဆုံးဖြတ်ချက် ချမှတ်နိုင်စေရေး စဉ်းစားတွေးခေါ်ပုံ

(၃) မူဝါဒချမှတ်ခြင်းနှင့် စီမံကိန်းအကောင်အထည်ဖော်ခြင်း

(၄) ကျောင်းအုပ်ကိုအကဲဖြတ်ခြင်း

(၅) ဘဏ္ဍာရေးစီမံခန့်ခွဲမှု

အထက်ပါအချက်များကိုလေ့လာကြည့်ပါက

(၁) တက္ကသိုလ်တိုင်းတွင် Strategic Planning အတွက် ပြီးပြည့်စုံသောပုံစံဖြင့် ဆောင်ရွက်နိုင်စွမ်း ရှိမည်မဟုတ်သော်လည်း ရည်မှန်းချက်များချမှတ်၍ ဆောင်ရွက်ရန်လိုအပ်ခြင်း၊

(၂) ကျောင်းအကြီးအကဲ၏ တာဝန်ခံမှုအတွက် ရွေးကောက်တင်မြှောက်ရန်အတွက် စီစဉ်ဆောင်ရွက်နေချိန်တွင် ကျောင်းအကြီးအကဲအပေါ် ကျောင်းကိုယ်စားပြုအဖွဲ့များမှ Evaluation လုပ်သင့်/မသင့် တို့သည် မြန်မာတို့ စဉ်းစားကျင့်သုံးသင့်သော အချက်များအဖြစ် တွေ့ရှိရပါသည်။

**(ခ) Committee of University Chairs (UK)**

UK နိုင်ငံ Committee of University Chairsသည် UK တက္ကသိုလ်အုပ်ချုပ်ရေး အဖွဲ့များအတွက် The Higher Education Code of Governance ကို ရေးသားပြုစုခဲ့ပါသည်။ ဤစာအုပ်တွင် လိုက်နာရမည့် Code(၇)ပါး ပါဝင်ပါသည်။ ၎င်းတို့မှာ_

(၁) တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့သည် မိမိတက္ကသိုလ်၏ ဆောင်ရွက်မှုများအားလုံးအတွက် စုပေါင်း တာဝန်ခံရမည်ဖြစ်သလို တက္ကသိုလ်ပရဝဏ်အတွင်း အဓိကကိစ္စရေးရာများကို ဆုံးဖြတ်ရာ တွင် ပါဝင်ရမည်ဖြစ်သည်။

(၂) တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့သည် ရှင်းလင်းတိကျသော စည်းမျဉ်းစည်းကမ်းများ၊ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများကို လိုအပ်ချက်နှင့်အညီ ချမှတ်ကျင့်သုံးဆောင်ရွက်စေခြင်းဖြင့် တက္ကသိုလ်၏ ဂုဏ်သတင်းကျော်စောမှုကို ရယူနိုင်ရမည်။

(၃) တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့သည် တက္ကသိုလ်အကြီးအကဲနှင့် ပူးပေါင်းဆောင်ရွက်၍ တက္ကသိုလ် ရေရှည်တည်တံ့နိုင်မှုအတွက် ရည်မှန်းချက် (mission) သတ်မှတ်ခြင်းနှင့် အကောင်အထည်ဖော်ရမည့် နည်းလမ်း (Strategy) ရှာဖွေသတ်မှတ်ခြင်းတို့တွင် ပူးပေါင်းပါဝင်ရမည်။ ထို့အတူ သင့်လျော်သောနည်းလမ်းများကို ချမှတ် အကောင်အထည်ဖော်ခြင်း၊ ထိရောက်သောထိန်းချုပ်မှုနှင့် (Risk Management)တို့ကို ကိုင်တွယ်ရာတွင် ပါဝင်ရမည်။

(၄) တက္ကသိုလ်၏ ပညာရေးဆိုင်ရာကိစ္စရပ်များတွင် ကောင်းမွန်သော အုပ်ချုပ်မှုပုံစံရရှိရေး။

(၅) တက္ကသိုလ်၏ ပြင်ပဆက်ဆံရေးတွင် ကောင်းမွန်သော ဆောင်ရွက်ချက်များ ဖြစ်ပေါ်စေရေးအတွက် တက္ကသိုလ်အုပ်ချုပ်ရေး ဘုတ်အဖွဲ့သည် ကျောင်းအကြီးအကဲနှင့်အတူ လုပ်ဆောင်ရမည်။

(၆) တက္ကသိုလ်အုပ်ချုပ်ရေးဘုတ်အဖွဲ့သည် ကျောင်း၏လုပ်ငန်းဆောင်တာများ ဆောင်ရွက်ရာတွင် တန်းတူညီမျှရေးနှင့် မတူကွဲပြားမှုကို မြှင့်တင်ရမည်။

(၇) တက္ကသိုလ်အုပ်ချုပ်ရေး ဘုတ်အဖွဲ့သည် တက္ကသိုလ်၏ ဖွဲ့စည်းပုံ၊ ရာထူး၊ ဌာနအဆင့်ဆင့်နှင့် ဆောင်ရွက်သော လုပ်ငန်းစဉ်များသည် ထားရှိသော ရည်ရွယ်ချက်နှင့် ကိုက်ညီနေကြောင်းကိုလည်း စံမီသောလုပ်ထုံးစဉ်များနှင့် တန်းညှိဆောင်ရွက်ရမည်။

**(ဂ) Code of Governance for English Colleges**

UKနိုင်ငံ Association of College သည် မိမိကျောင်း၏ လုပ်ငန်းတာဝန်များကို လုပ်ဆောင်ရာတွင် ထားရှိရမည့်တန်ဖိုး(၁၀)ရပ်ကို Code of Government for English Colleges စာအုပ်အဖြစ် ဖော်ထုတ်ပြုစုခဲ့ပါသည်။ ၎င်းတို့မှာ-

**(၁) ခေါင်းဆောင်မှုနှင့် မဟာဗျူဟာ**

ကောလိပ်ကျောင်းတစ်ကျောင်း၏ အုပ်ချုပ်ရေးအဖွဲ့သည် မိမိကျောင်း၏ မဟာဗျူဟာမြောက် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဘက်စုံလွှမ်းခြုံသော ခေါင်းဆောင်မှုကိုပေးရမည်။

**(၂) စုပေါင်းတာဝန်ခံမှု**

ကောလိပ်အုပ်ချုပ်ရေးအဖွဲ့သည် ကောလိပ်၏ လုပ်ငန်းများအားလုံးအတွက် တစ်ဖွဲ့လုံးက စုပေါင်းတာဝန်ခံရမည်။ ဤသို့ဆောင်ရွက်နိုင်ရန်အတွက် မိမိအဖွဲ့၏ တာဝန်ဝတ္တရားများကို ဘောင်အတွင်း ဆုံးဖြတ်ချက်များ ချမှတ်ရမည်။

**(၃) မူဝါဒ၊ စနစ်နှင့် ကျောင်းသားတို့၏အသံ**

သဘောတူညီပြီးဖြစ်သော မဟာဗျူဟာအစီအစဉ်များကို ပြီးမြောက်အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရေးအတွက် ထိရောက်သောမူဝါဒများ ဖော်ထုတ်ပြုစုပြီး လိုအပ်သောစနစ်များကို ဖော်ဆောင်ပြီးဖြစ်အောင် ဘုတ်အဖွဲ့က ဆောင်ရွက်ရမည်။ ထို့အတူ ကျောင်းသူ၊ ကျောင်းသားများ၏ တင်ပြချက်များကို ဖြေရှင်းပြီး အနေအထား ရောက်အောင် ဆောင်ရွက်ရမည့်အပြင် ဆောင်ရွက်ပြီးကြောင်း အကျဉ်းချုပ်အစီရင်ခံစာ ပါ ထုတ်ပြန်ရမည်။

**(၄) သင်ကြားမှု၊ သင်ယူမှုကိစ္စများ**

ဘုတ်အဖွဲ့သည် သင်ကြားမှု၊ သင်ယူမှုအခြေအနေများ အကောင်းမွန်ဆုံးဖြစ်အောင် ဆောင်ရွက်ရမည့်အပြင် မိမိကိုယ်မိမိ ပြန်လည်သုံးသပ်သော အစီရင်ခံစာသည်လည်း နိုင်ငံအဆင့် သတ်မှတ်ချက်များနှင့် ကိုက်ညီစေပြီးဖြစ်ရမည်။

**(၅) တုန့်ပြန်ဆောင်ရွက်မှု**

ကောလိပ်ဘုတ်အဖွဲ့သည် ဒေသခံအသိုင်းအဝန်းအပါအဝင် ပြောင်းလဲနေသော အသက် မွေးဝမ်းကြောင်းမှု ပုံစံပြောင်းလဲမှုအပေါ်တွင် တုန့်ပြန်ဆောင်ရွက်မှုများ ရှိနေရမည်။ ထို့အတွက် ကျောင်းနှင့်အလုပ်ပေးအပ်သူများအကြား အပြန်အလှန် ဆက်ဆံမှုရှိနေစေ ရမည်။

**(၆) ဘဏ္ဍာရေးဆိုင်ရာ မဟာဗျူဟာနှင့် စာရင်းစစ်ဆေးမှုခံယူခြင်း**

ကောလိပ်ဘုတ်အဖွဲ့သည် ကျောင်းသူ၊ ကျောင်းသားများ တတ်နိုင်သော ပညာ သင်ကြားမှုကို ဖြစ်စေသည့် အစီအစဉ်တစ်ရပ်ရှိရမည့်အပြင် တက္ကသိုလ်သည် ရေရှည် ရပ်တည်နိုင်ရေးနှင့် ကြွေးမြီပေးဆပ်နိုင်သော စွမ်းရည်ရှိသည့် အခြေအနေတစ်ရပ်တွင် ထားရှိနိုင်ရမည်။

**(၇) မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှု(partnership)**

ကောလိပ်များသည် အစဉ်ဖွံ့ဖြိုးတိုးတက်ပြီး ထက်မြက်စွာ တုံ့ပြန်ဆောင်ရွက် တတ်ကြ သည်။ ကောလိပ်များသည် တီထွင်ဆန်းသစ်မှုရှိကြပြီး ပြောင်းလဲလာသော အခြေအနေ အချိန်အခါအလိုက်လိုက်လျောညီထွေ ဆောင်ရွက်နိုင်ကြသည်။ ဤသို့သော အခြေအနေ တစ်ရပ်ကို ထိန်းသိမ်းထားနိုင်ရန်အတွက် တက္ကသိုလ်အချင်းချင်း မိတ်ဖက်ပူးပေါင်း ဆောင်ရွက်ခြင်းက လွန်စွာအရေးပါပါသည်။

**(၈) သာတူညီမျှခြင်းနှင့် မတူကွဲပြားမှုကို လက်ခံခြင်း**

ကောလိပ်ဘုတ်အဖွဲ့သည် မိမိတက္ကသိုလ်၏ လုပ်ငန်းအဝဝတွင် သာတူညီမျှခြင်းနှင့် မတူကွဲပြားမှုကို လက်ခံခြင်းတို့၌ တာဝန်ရှိသည်ထက် ပိုမိုဆောင်ရွက်သင့်သည်။

**(၉) ထိရောက်သော အုပ်ချုပ်ရေးစနစ် ဖွဲ့စည်းပုံထားရှိခြင်း**

ကောလိပ်ဘုတ်အဖွဲ့သည် မိမိကျောင်းအုပ်ချုပ်ရေးစနစ်ကို တည်ဆောက်ရာတွင် အခွင့်အာဏာနှင့် အခွင့်အာဏာကို ကိုယ်စားလွှဲအပ်ခြင်းတို့အတွက် ရှင်းလင်း၍ အများ နားလည် နိုင်သော ဖွဲ့စည်းမှုကို တည်ဆောက်နိုင်ရမည်။

**(၁၀) ကောလိပ်ဘုတ်အဖွဲ့၏ လုပ်ဆောင်နိုင်မှုကို ပြန်လည်သုံးသပ်ခြင်း**

ကောလိပ်ဘုတ်အဖွဲ့သည် ကျောင်းအပေါ် မိမိ၏ဦးဆောင်နိုင်မှုနှင့် ဆောင်ရွက်ချက် များအပေါ် ပုံမှန်သုံးသပ်ရမည်။ ဤသို့သုံးသပ်ရာတွင် ထားရှိသောတန်ဖိုးများနှင့် အဓိက တာဝန်များကို အခြေခံသုံးသပ်ရမည်။

**မြန်မာနိုင်ငံ၏ တက္ကသိုလ်များအတွက် အကြံပြုချက်**

နိုင်ငံတက္ကသိုလ်များ၏ အလုပ်လုပ်ပုံနှင့် စီမံအုပ်ချုပ်ပုံတို့မှာ မြန်မာနိုင်ငံအတွက် လေ့လာသင်ယူစရာ အလွန်ပင်များပြားပါသည်။ ထိုလေ့လာသင်ယူစရာ အများအပြားကို တိုက်ရိုက် ပုံတူကူးချခြင်းသည် လည်း ကောင်းမွန်သော လုပ်ဆောင်ချက်လမ်း မဟုတ်ပါ။ လေ့လာသင်ယူစရာများထဲမှ နှစ်စဉ် အချို့ကိုလေ့လာ၍ မြန်မာနှင့်သင့်လျော်သလို အကောင်အထည်ဖော်မည်ဆိုပါက ပိုမိုကောင်းမွန်မည် ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ တက္ကသိုလ်များအတွက် လက်ငင်းအတုယူထိုက်သော အချက်(၅)ချက်ကို တင်ပြလိုပါသည်။

**(၁) Strategy and Leadership**

မြန်မာနိုင်ငံတက္ကသိုလ်များသည် ပိုမိုထိရောက်သော ဦးဆောင်မှုကို ပေးနိုင်စေရေး အတွက် တက္ကသိုလ်တိုင်းတွင် ဖွဲ့စည်းထားသော တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့၏ လုပ်ငန်းတာဝန်များကို ပိုမိုပေးအပ်သင့်ပါသည်။ အထူးသဖြင့် တက္ကသိုလ်အတွက် ၃နှစ်/ ၅နှစ်တာ ရည်မှန်းချက်များကို စနစ်တကျ ရေးဆွဲသတ်မှတ်ပြီး တက္ကသိုလ် စီမံခန့်ခွဲရေး အဖွဲ့က ထိန်းကျောင်း အကောင်အထည်ဖော်သော စနစ်တစ်ရပ်ကို မဖြစ်မနေ လုပ်ဆောင်သင့်ပါသည်။

**(၂) မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများကို တည်ဆောက်ခြင်း**

နိုင်ငံတကာတက္ကသိုလ်များသည် မိမိတက္ကသိုလ်၏ အုပ်ချုပ်ရေးစနစ်ကို တည်ဆောက် ရာတွင် ခိုင်မာသောမူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို တည်ဆောက်ခြင်း ဖြစ်သည် ဟု ခံယူထားပါသည်။မြန်မာနိုင်ငံရှိ တက္ကသိုလ်များသည် မိမိအထက်ဌာနများ၏ ညွှန်ကြားချက်များကို လိုက်နာရလေ့ရှိပါသည်။ ယင်းတို့ကို Standing Orders များဟု ခေါ်ပါသည်။ ထို့အပြင် ကျောင်းအလိုက် ဆောင်ရွက်ရသော လုပ်ငန်းအများအပြား ရှိပါသည်။ ဤသို့သော ဆောင်ရွက်မှုများအတွက် မူဝါဒများ၊ Standing Operating Procedures (SOP)များ အပြည့်အစုံ ထားရှိနိုင်ရေးကို အလေးပေး ဆောင်ရွက်သင့် ပါသည်။

**(၃) ကျင့်ဝတ်နှင့်ဖြောင့်မတ်တည်ကြည်မှု (Ethics and Integrity)ကို လုပ်ငန်းခွင် ဦးစား ပေးခြင်း**

မြန်မာနိုင်ငံ၏တက္ကသိုလ်များတွင် ကျင့်ဝတ်ပိုင်းဆိုင်ရာများ ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါသည်။ သို့ရာတွင် ပြဋ္ဌာန်းပြီးဖြစ်သော ကျင့်ဝတ်ဆိုင်ရာစည်းကမ်းများ၊ လိုအပ် နေသော Integrity ဆိုင်ရာစံနှုန်းများသည် နိုင်ငံတကာနှင့်အညီဖြစ်စေရေး၊ တက္ကသိုလ် တစ်ခုလုံး လွှမ်းခြုံနိုင်စေရေးတို့အတွက် နှီးဆော်သူများ၊ ဆရာ/မများ၊ ကျောင်းသား၊ ကျောင်းသူများ၊ စီမံဝန်ထမ်းများ၊ သုတေသီများအတွက် Integrity ဆိုင်ရာစည်းကမ်း များကို ဖော်ထုတ်ပြုစု၍ ၎င်းတို့နှင့်အညီဖြစ်သော တက္ကသိုလ်တစ်ရပ် ဖြစ်ပေါ်လာ အောင် ဆောင်ရွက်သင့်ပါသည်။

**(၄) ဘဏ္ဍာရေးကိစ္စကို စနစ်တကျ ကိုင်တွယ်ခြင်း**

တက္ကသိုလ်၏ ဘဏ္ဍာရေးကိစ္စသည် အရေးအကြီးဆုံး ကိစ္စတစ်ရပ်ဖြစ်ပါသည်။ ဘဏ္ဍာငွေပိုမိုရရှိရေးသည် အရေးအကြီးဆုံးဖြစ်သော်လည်း ရရှိပြီးဘဏ္ဍာငွေကို ခြိုးခြံ ချွေတာစွာ သုံးစွဲခြင်း၊ သုံးသင့်သုံးထိုက်သောနေရာတွင် ပိုမိုသုံးစွဲခြင်း၊ ဘဏ္ဍာငွေကို ကိုင်ဆောင် သုံးစွဲသူသည် ကျင့်ဝတ်နှင့်အညီ ဆောင်ရွက်ခြင်း၊ ပြင်ပစာရင်းစစ်တို့၏ အကြံပြုချက်များကို အလေးအနက်ထား လုပ်ဆောင်ခြင်းတို့ကို တစ်ဦးတစ်ယောက် တည်း၏ တာဝန်အဖြစ် မှတ်ယူခြင်းထက် စီမံခန့်ခွဲရေးအဖွဲ့တွင် ဆွေးနွေးနိုင်သော ကိစ္စရပ်များအဖြစ် အလေးအနက်ထား ဆောင်ရွက်သင့်ပါသည်။

**(၅) Data, Data Collection and Data Analysis**

တက္ကသိုလ်အုပ်ချုပ်ရေးတွင် ဆုံးဖြတ်ချက်များကို ချမှတ်ရာတွင် Evidence – Based Decision Making သာလျှင် အသင့်လျော်ဆုံး ဖြစ်ပါသည်။ ထိုသို့ပြုလုပ်နိုင်ရန်အတွက် အချက်အလက်များကို စုဆောင်းရာတွင် တစ်ကျောင်းလုံးအတွက် စနစ်တစ်ခုတည်း သာလျှင် ဖြစ်သင့်ပါသည်။ ကျောင်းလက်အောက်ခံရုံးများက အထက်ဌာနက တောင်းသော အချက်အလက်များကို တစ်ကြိမ်တောင်း၍ တစ်ခါပြုစုနေခြင်းသည် Data ကိုကိုင်တွယ်မှု၌ မှားယွင်းနေသည်ကို ပြသနေပါသည်။ တက္ကသိုလ်များတွင် အချက်အလက် စုဆောင်းရာ၌လည်းကောင်း၊ အချက်အလက်များကို ပိုင်းခြားစိတ်ဖြာ ရာ၌လည်းကောင်း နည်းပညာအသုံးပြု ကြိုးပမ်းနိုင်အောင် ဆောင်ရွက်သင့်ပါသည်။

**နိဂုံး**

တက္ကသိုလ်၏ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုတွင် မြန်မာတက္ကသိုလ်များသည် ခေတ်နှင့်အညီ ဆောင်ရွက်နိုင်ပါက နောင်တွင် နိုင်ငံတကာနှင့်ယှဉ်ပြိုင်နိုင်သော အခြေအနေတစ်ရပ်သို့ ရောက်ရှိ လာနိုင်မည်ဟု ယုံကြည်ပါသည်။